ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

ညွှန်ကြားချက်အမှတ်၊ ၁ /၂၀၂၂

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ( ၆ ) ရက်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်)

## နှစ်ပတ်လည်အစီရင်ခံစာဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်ရန် ဖွဲ့စည်းခဲ့သည့် လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များ ပြင်ဆင်ခြင်း

၁။ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ရန်ကုန်စတော့အိပ်ချိန်း၏စာရင်းဝင်ကုမ္ပဏီများ၊ Main Board နှင့် Pre-Listing Board တို့တွင် စာရင်းဝင်ရန်ပြင်ဆင်နေကြသောကုမ္ပဏီများ၊ အစုရှယ်ယာရှင်(၁၀၀)နှင့်အထက်ရှိသည့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများအနေဖြင့် ၎င်းတို့ထုတ်ပြန်နေသည့် နှစ်ပတ်လည်အစီရင်ခံစာများကို ပိုမိုပြည့်စုံစေရန်၊ OECD မှ ထုတ်ပြန်သည့် နှစ်ပတ်လည် အစီရင်ခံစာနမူနာပုံစံနှင့် ကော်ပိုရိတ်ဆိုင်ရာ ဖွင့်ဟကြေညာမှုလမ်းညွှန်ချက်များနှင့်ပိုမိုကိုက်ညီစေရန်၊ တူညီသောပုံစံ(Format)ပုံစံများဖြစ်စေရန်နှင့် ရင်းနှီးမြှုပ်နှံသူများ လွယ်လင့်တကူဖတ်ရှုနိုင်ရန် ရည်ရွယ်၍ နှစ်ပတ်လည်အစီရင်ခံစာဆိုင်ရာ လမ်းညွှန်ချက်နှင့်သက်ဆိုင်သည့်ပုံစံတစ်ခုရေးဆွဲရန် နှစ်ပတ်လည်အစီရင်ခံစာဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်ရန်လုပ်ငန်းအဖွဲ့အား ၁၄-၁၀-၂၀၂၁ ရက်နေ့တွင် ညွှန်ကြားချက်အမှတ်(၁/၂၀၂၁)ဖြင့် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်(၄)ခုအား သတ်မှတ်ပေးခဲ့ပါသည်။

၂။ ယခုအခါ လုပ်ငန်းအဖွဲ့မှ မူလဆောင်ရွက်ရန် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန် ၄ ခု အပြင်အောက်ဖော်ပြပါ လုပ်ငန်းတာဝန်အား ထပ်တိုးထည့်သွင်းလိုက်သည်-

- နှစ်ပတ်လည်အစီရင်ခံစာဆိုင်ရာ လမ်းညွှန်ချက်အား အများပြည်သူလွယ်ကူစွာ ဖတ်ရှုနားလည်နိုင်ရန် မြန်မာဘာသာဖြင့် ပြုစု၍ ကော်မရှင်သို့ တင်ပြရန်။

(မောင်မောင်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ ကော်မရှင်-၃/၃/၁ ( ၃၂၁ /၂၀၂၂)

ရက်စွဲ ၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၅ ရက်

ဖြန့်ဝေခြင်း

ရန်ကုန်စတော့အိပ်ချိန်း

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ

စာရင်းဝင်ကုမ္ပဏီများ